# အကြံကောင်း

သင်တို့အိမ်အတွင်းသို့ သူခိုးဝင်နေလျှင် အနီးအနားမှ အိမ်နီးချင်းမိတ်ဆွေများ လာရောက်၍ အကူအညီပေးစေလိုပါက လုပ်ဆောင်ရန် အဓိကအချက်ကို ပြင်သစ်စာရေးဆရာ တစ်ဦးက ဤသို့ အကြံပြု၏။

'သူခိုး... သူခိုးလို့ ဘယ်တော့မှ မအော်နဲ့၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအသံကြားရင် ပတ်ဝန်းကျင်က လူတွေမှာ သူတို့အိမ်ကို သူခိုးဝင်မလာဖို့ စောင့်နေရတာနဲ့ မိတ်ဆွေရဲ့အိမ်ကို ရောက်လာမှာမဟုတ်ဘူး၊ ဒါကြောင့် မီးဗျို့... မီး... မီး...သာ အော်လိုက်၊ ဘေးနားကလူတွေ ချက်ချင်း ရောက်လာလိမ့်မယ်' ဟူ၏။